# အုန်းပင်စုကျေးရွာ

# ခရမ်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

## (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အုန်းပင်စုကျေးရွာ၊ ခရမ်းမြို့နယ်

၂၀၁၆ခုနှစ် ၊ဒီဇင်ဘာလ

# မာတိကာ


မာတိကာ ၁

စကားချီး ၅

အုန်းပင်စုကျေးရွာသယံဇာတပြမြေပုံ၊ ခရမ်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အုန်းပင်စုကျေးရွာ
ခရမ်းမြို့နယ်

### အုန်းပင်စုကျေးရွာသယံဇာတပြမြေပုံ၊ ခရမ်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြ င့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြ င်းများကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဥ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဥ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဥ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အုန်းပင်စုကျေးရွာသည်ခရမ်းမြို့နယ်၏အုပ်ချုပ်မှုအောက်တွင်ရှိပြီးခရမ်းမြို့နယ်ပိုင်ဘုရားပျိုကျေးရွာ၏ရွာခွဲရွာငယ်လေးဖြစ်သည်မြေပြန့်ဒေသဖြစ်သည်နှင့်အညီအဓိကအသက်မွေးဝမ်းကျောင်းအလုပ်စိုက်ပျိုးရေးနှင့်မွေးမြူရေးပင်ဖြစ်သည်။မိုးတွင်းအခါတွင်မိုးရေကိုမှီခို၍စိုက်ပျိုးရသဖြင့်မိုးရေအသင့်အတင့်ရွာပါကအဆင်ပြေမှုရှိသလိုမိုးရွာသွန်းမှုများပါကပျက်စီးမှုများနှင့်ကြုံတွေ့ရသည်မှာနှစ်စဥ်လိုလိုကြုံတွေ့နေရသည်။အားထားမှီခို၍ရေထုတ်သည့်ကျေးရွာ၏ရွာလယ်ချောင်းသည်တိမ်ကောနေ၍လိုအပ်သလိုအသုံးပြု၍မရခြင်းသည်သီးနှံများပျက်စီးစေသည့်အကြောင်းတစ်ရပ်အဖြစ်ပါဝင်သည်။မြေပြန့်ဟုဆိုသော်လည်းမြေနိမ့်ပိုင်းတွင်ပါဝင်နေသဖြင့်တစ်ခါတစ်ရံအရှေ့ပင်လယ်မှရေငန်များဝင်ရောက်နှင့်လည်းကြုံတွေ့ရသည်။ရွာအနီးတွင်တောတောင်၊မြစ်၊ချောင်းမရှိသော်လည်းအရှေ့မှတ္တမပင်လယ်ကွေ့နှင့်အလှမ်းမကွာလှပေ။မြေပြန့်ဖြစ်သည့်အတွက်လယ်ယာမြေများမှာ ပဲ၊စပါးစိုက်ပျိုးမှုအတွက်အဓိကအားထားရာလည်းဖြစ်သည်။မိုးရာသီတွင်ရေကြီးမှုကြောင့်အသက်ဆုံးရှုံးမှုထိမကြုံတွေ့သော်လည်းရေကြီးရေလွှမ်းမှုကြောင့်သီးနှံပျက်စီးခြင်းသည်နှစ်စဥ်လိုလိုကြုံတွေ့နေရမြဲဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ မိုးအခါမိုးရေကိုစုဆောင်း၍စပါးကိုထွန်ယက်စိုက်ပျိုးသည်။လယ်မြေဧက(၂၀၀)ခန့်ရှိပြီးဆောင်ရွက်ရာတွင်လည်းပဲတီစိမ်း၊မတ်ပဲတို့ကိုလည်းတွဲဖက်စိုက်ပျိုးကြသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၄၇) စုနှင့်ကျား(၁၀၇)၊ မ(၉၆)ဦးဖြင့်လူဦးရေပေါင်း (၂၀၃)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၅၉%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုများကြောင်းတွေ့ရှိရသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ အားလုံးတွက်ဆကြည့်အခါအလွန်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၁.၇%သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၁၄.၉%သည် ချမ်းသာသည့်အဆင့်၊၂၃.၄% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများနှင့်ငှားရမ်းလုပ်ကိုင်နေရသော်လည်းစီးပွားရေးအနေအထားမှာအသင့် အသင့်ရှိသည်ဟုဆိုရပေမည်။စီးပွားရေးပြေလည်သောအိမ်ထောင်စုများရှိသလိုတစ်ချို့သောလယ်သ မားများသည်လယ်ယာမဲ့များမှာကျပန်းအလုပ်ကိုကြိုးစားရှာဖွေလုပ်ကိုင်ကြသဖြင့်မိသားစုအခက်အ ခဲများကိုထိုက်သင့်သလောက်ပြေလည်မှုရှိကြောင်းတွေ့ရှိရပါသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော တောင်သူနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ထိုမြေယာမဲ့အိမ်ထောင်စုများသည် စားဝတ်နေရေး၊မိမိသားသမီးများ၏ ပညာရေးအတွက်ခက်ခဲမှုများစွာနှင့်ရင်ဆိုင်နေရသောအိမ် ထောင်စုများဖြစ်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း တွင်လည်းကောင်း၊အခြားသောကြုံရာကျပန်းအလုပ်များတွင်လည်းကောင်း၊ကြိုးစား၍ လုပ်ကိုင်ရှာဖွေကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%သည် သူတပါးထံမှ ချေးငှါး၍စားဝတ်နေရေးကိုဖြေရှင်းကြသည်။ကျန်သောအိမ်ထောင်စုများမှာမချေးငှါးပဲ စားဝတ်နေရေးဖြေရှင်းနိုင်သည်။ထိုဆင်းရဲသောမိသားစုများသည်သားသမီးများ၏ ပညာရေးအ တွက်ငွေကြေးခက်ခဲမှုရှိပြီး အကြွေးတင်ရှိနေကြောင်းလည်းတွေ့ရှိရပါသည်။

အိမ်ထောင်စုအားလုံးထဲမှအိမ်ထောင်စု(၃)စုသည်အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီးအခက်အခဲနှင့်ရင်ဆိုင်နေရသည်။ ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြပြီး၊ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။ကျေးရွာတွင်မသန်စွမ်းသူများမရှိပါသက်ကြီးရွယ်အိုများအနည်းငယ်ရှိသော်လည်းမိသားစု၏ပြုစုစောင့်ရှောက်မှုကိုရရှိသဖြင့်အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမတွေ့ရှိရပါ။လူငယ်လူရွယ်များသည်ပြင်ပသို့သွားရောက်လုပ်ကိုင်နေရသော်လည်းလိင်မှတဆင့်ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်သော်လည်းကျေးရွာတွင်ယင်းပြဿနာများဖြစ်ပေါ်မှုသည်ကားယခုတိုင်မတွေ့ရှိရပါ။

ကျပန်းအလုပ်သမားအချို့သည်ဆိုင်ကယ်ဖြင့် ကယ်ရီပြေးဆွဲကြပြီးကျေးရွာမှဒေးပေါက်ကျေးရွာသို့ကျောင်းသားများသွားလာရန်ဖောက်လုပ်ထားသော လမ်းကလေးအားအမှီပြု၍စားဝတ်နေရေးအတွက်ဖြေရှင်းရပြီးလမ်းသွယ်သည်ကျဉ်းလှသဖြင့်ထိခိုက်မှုများဖြင့်ကြုံတွေ့နေရပါသည်။ထိုအတွက်ကြောင့်လည်းအလုပ်သမားမထိခိုက်ရေး၊ကျောင်းသားများအန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက်သင့်တော်သည့်လမ်းအကျယ်ရရှိနိုင်ရေးအတွက်ကူညီဆောင်ရွက်ပေးစေလိုပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်းရှိနေထိုင်သော ရွာသားအများစုသည်သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပိုင်းအနေဖြင့်လည်းသင့်တင့်စွာပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင်ပိုမိုဖြစ်ပွါးသည်ဟုကြားသိရသော်လည်းကျွန်ုပ်တို့ကျေးရွာတွင်ဖြစ်ပွားကြောင်းမတွေ့ရှိပါ။
သက်ကြီးရွယ်အိုများသည်လည်းမိသားစု၏စောင့်ရှောက်မှုကြောင့်တစ်ကိုယ်ရည်သန့်ရှင်းမှုရှိပြီးကျန်းမာရေး လည်းအသင့်အတင့်ကောင်းမွန်ကြောင်းတွေ့ရှိရသည်။ ကျေးရွာသားများအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုကျေးရွာတွင်းတွင်မရရှိနိုင်သော်လည်းကျွန်ုပ်တို့ကျေးရွာနှင့်(၁.၅)မိုင်ကွာဝေးသောဒေးပေါက်ကျေးရွာ၏ကျေးလက်ကျန်းမာရေးဆေးခန်းအားအမှီပြုနေရသဖြင့်သင့်တင့်သောကျန်းမာရေးစောင့်ရှောက်မှုရရှိပါသည်။သို့သော်တစ်ခါတစ်ရံခက်ခဲမှုများနှင့်လည်းကြုံတွေ့နေရသည်။

ကျေးရွာတွင်လက်နှိပ်တုံကင်၊မော်တာသုံးတုံကင်များကိုတပ်ဆင်၍အသုံးပြုကြသောကြောင့်သန့်ရှင်းသောရေကိုရရှိသဖြင့်ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်းတွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး

ဘွဲ့ရရှိသူများလည်းယခင်ကမရှိခဲ့ပါယခုအခါဘွဲ့ရ(၅)ယောက်ကျေးရွာတွင်ပေါ်ထွက်လာခဲ့သည်ဖြစ်သည့်အတွက်ပညာရေးအဆင့်အတန်းတိုးတက်လာကြောင်းသက်သေပြနိုင်ပြီဖြစ်သည်။ကျေးရွာတွင်စာသင်ကျောင်းမရှိသည့်အတွက်မူလတန်းအဆင့်၊အလယ်တန်းအဆင့်၊အထက်တန်းအဆင့်၊မူကြိုကလေးများမှစ၍ဒေးပေါက်ကျေးရွာ၏အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပညာသင်ကြားရပြီး လမ်းပန်းဆက်သွယ်မှုအခက်အခဲများစွာနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။လူငယ်များမှာလည်းအလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီးအသက်မွေးမှုပညာနိမ့်ကျဆဲဖြစ်သည်။

**(စ) ကျား-မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်ဟုဆိုသော်လည်းကျား-မ ရေးရာဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်၊ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိသည်ဟုပြောနိုင်သော်လည်းပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင်မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည်ယောကျ်ားလေးအရေအတွက်ထက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင်ကျားအရေအတွက်ထက်မအရေအတွက်ကပိုများသည့်အတွက်ပညာသင်ယူမှုအခွင့်အရေးမှာအတူတူပင်ဖြစ်သည်။သို့သော် ကျေးရွာတွင်နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည်အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူအမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပါတ်သက်၍အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက်ပိုမို၍အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၁)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ကျေးရွာတွင်နာရေးကူညီမှုအသင်းဟုသီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်းကျေးရွာတွင်သာမှု၊နာမှုအကြောင်းအရာနှင့်ပေါ်ပေါက်လာသည့်အခါလူမှုရေးအသင်း၊ဘာသာရေးဆိုင်ရာအဖွဲ့တို့
နှင့်အုပ်ချုပ်ရေးပိုင်းတို့စုပေါင်းပြီးကူညီဆောင်ရွက်ကြသည်။ကျန်သောအဖွဲ့အစည်းများကျေးရွာတွင် ဖွဲ့စည်းထားခြင်းမရှိပါ။ကျေးရွာ၏ဖွံ့ဖြိုးမှုအပိုင်းအနေဖြင့်အားလျော်စွာမည့်သည့်အသင်းအဖွဲ့

၏ ကူညီထောက်ပံ့မှုမရရှိပါ။သို့သော်လည်းကျေးရွာအုပ်ချုပ်ရေး၊လူမှုရေး၊ဘာသာရေးအဖွဲ့များနှင့် စုပေါင်း၍ဆောင်ရွက်သည့်အတွက်ကျေးရွာ၏ဖွံ့ဖြိုးမှုအပိုင်းသည်အသင့်အတင့်သာရှိသည်ဟုဆိုရမည်ဖြစ် သည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့် ပဲတီစိမ်းကို အဓိကထား စိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက (၂၀၀)ရှိပြီး သီးထပ်အဖြစ် ပဲတီစိမ်းနှင့်မတ်ပဲစိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ (၅၀)တင်း၊ မတ်ပဲ (၁၀)တင်း၊ပဲတီးစိမ်း(၁၁)တင်းနှုန်းတို့ ထွက်ရှိကြသည်။

တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ ရာသီဥတုမညီမျှမှုကြောင့် စပါးနှင့်သီးထပ်စိုက်ခင်းများဖြစ်သောပဲတီစိမ်း၊မတ်ပဲ၊စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်ဖျက်စီးမှုနှင့်နှစ်စဉ်ကြုံတွေ့ရသည်။ထိုဖျက်ပိုးများသည်လည်းပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့်တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

မွေးမြူရေးနှင့်ပတ်သတ်၍ကျေးရွာတွင်ဝက်အနည်းငယ်သာမွေးမြူကြပြီး ဒေသဖြစ်ဝက်မျိုးများကိုသာမွေးမြူကြသည်။တစ်ရွာလုံး၏ (၄၀%)မှာကြက်မွေးမြူကြပြီးဓေသထွက်ကြက်ကိုသာ မွေးမြူကြသဖြင့်ဈေးကွက်တွင်ဝယ်လိုအားရှိပြီး၊ဈေးနှုန်းမှာလည်းအသင့်တင့်သောအနေအထားတွင်ရှိသည်။တိရိစ္ဆာန်ရောဂါများကြက်လည်လိမ်၊တန်းကျနာ၊ဖြစ်တက်သဖြင့်ပျက်စီးမှုများလည်းနှစ်စဉ်အနည်းနှင့်အများကြုံတွေ့ရသည်။ပိုင်ဆိုင်မှုအနေအထားအနေဖြင့်ဆင်းရဲသောအိမ်ထောင်စုများသည်မွေးမြူရေးတည်ထောင်ရန်ချေးငွေများအလွယ်တကူမရရှိခြင်း၊ကျေးရွာတွင်ငွေချေးသူထံမှချေးယူလျှင်လည်းအတိုးနှုန်းမြင့်မားခြင်း၊ကျေးရွာတွင်မြေအနေအထားအရအဆင်ပြေမှုများကြောင့် ငါးမွေးမြူရေးမှာ မွေးမြူ၍မရနိုင်ခြင်းဖြစ်သည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ဆိုင်ကယ်ဖြင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးရောင်းကျပြီးအစိုးရဝန်ထမ်းသည်ကျေးရွာတွင်မရှိသလောက်ဖြစ်သည်။အခြား သောလုပ်ငန်းအများစုမှာလည်းအမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှအသင့်အတင့်သာရှိသည်။

လက်လုပ်လက်စား၊ကျပန်းအလုပ်သမားများမှာစိုက်ပျိုးရေးလုပ်ငန်းအချိန်တွင်သာအလုပ်အကိုင်ရရှိပြီးကျန်အချိန်များတွင်ဝင်ငွေမမှန်မှုကြောင့်ထွက်ငွေနှင့်ယှဉ်ကြည့်လျှင်မျှတမှုမရှိဖြစ်နေခြင်းပင်ဖြစ်သည်။ထို့ကြောင့်သင့်တော်သောအထောက်အပံ့ရရှိရန်လိုအပ်နေသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ကျေးရွာအတွက်အလားအလာကောင်းတစ်ရပ်ဖြစ်သည်ဟုဆိုနိုင်သည်။မြို့ပေါ်တွင်အသက်မွေးဝမ်းကျောင်းအညာရပ်နှင့်ပါတ်သက်သောဇာထိုး၊ပန်းထိုး၊အပ်ချုပ်၊စက်ပြင်စသည့်သင်တန်းကျောင်းများရှိသည်ကိုသိသော်လည်းငွေကြေးမတက်နိုင်သဖြင့်မိမိတို့သားသမီးများကိုသွားရောက်သင်ကြားစေခြင်း၊မပြုနိုင်ပေ။ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့မှသား/သမီး(၃.၄)ဦးခန့်သာငွေကြေးအကုန်အကျခံ၍ပို့လွှတ်သင်ကြားနိုင်သည်။

**(ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင်လယ်ယာမြေများတွင်စိုက်ခင်းများအားဖျက်ပိုးများအားဖျက်စီးသည့်ပိုးမွှားများကျရောက်တက်ခြင်းကြောင့်ပိုးသတ်ဆေးနှင့်ဓါတ်မြေဩဇာသုံးစွဲမှုများပြားလာသဖြင့်မြေဆီလွှာအနေအသွေးကျဆင်းလာနိုင်သည်။သုံးစွဲပြီးသည့်ပိုးသတ်ဆေးပုလင်းနှင့်ထုတ်ပိုးထားသည့်ပလပ်စတစ်ဘူးခွံများကိုစနစ်တကျစွန့်ပစ်ခြင်းမရှိသဖြင့်သဘာဝပတ်ဝန်းကျင်အားထိခိုက်လာနိုင်သည့်အတွက်အသိပညာပေးလုပ်ငန်းများလည်းဆောင်ရွက်ပေးစေလိုသည်။

အုန်းပင်စုကျေးရွာသည်ခရမ်းမြို့၏အရှေ့ဘက်တွင်တည်ရှိပြီး အရှေ့ဘက်တွင်တည်ရှိပြီအရှေ့ပင်လယ်နှင့်အလှမ်းမဝေးသောကြောင့်မိုးအခါတွင်ရေကြီးလွှမ်းမိုးမှုနှင့်ကြုံတွေ့ရသဖြင့်သီးနှံများဖျက်းစီးခြင်းသည်သဘာဝဘေးအန္တရာယ်တစ်ရပ်လိုဖြစ်နေသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကိုတစ်နှစ်အတိုးနှုန်း ၇၅ပြားတိုး၊ တစ်ဧကတစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့်(၁၀)ဧကအထိချေးယူနိုင်သည်။အခြားသောအသင်းအဖွဲ့များမှချေးငွေထုတ်ချေးပေးကြောင်းသိရသော်လည်းကျွန်တော်တို့ကျေးရွာသည်ရွာခွဲဖြစ်သဖြင့်ချေးယူနိုင်သည့်အခွင့်အရေးမရှိပေ။လိုအပ်သည့်ငွေကြေးအား မိသားစုဝင်များမှအတိုးနှုန်းကြီးစွာ ဖြင့်ချေးယူသုံးစွဲကြရသည်။ကျေးရွာတွင်သမဝါယမအသင်းအဖွဲ့ဖွဲ့စည်းထားခြင်းမရှိပါ။ကျေးရွာအများစုသည်အကြောင်းအမျိုးမျိုးကြောင့်ငွေချေးယူသော်လည်းအဓိကအကြောင်းအရင်းမှာသား/သမီးများ၏ပညာရေးအတွက်သုံးစွဲမှုများကြောင်းလေ့လာတွေ့ရှိရပါသည်၊ကြွေးတင်နေသည့်အနေအထားမှာဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုအားလုံးသည်နှစ်သိန်းနှင့်ငါးသိန်းကြား အကြွေးတင်မှုရှိကြောင်းတွေ့ရှိရသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်ဘုန်ကြီးကျောင်းပညာသင်ကြားတက်မြောက်ခဲ့သူမှာသုံးလေးဦးခန့်သာရှိပြီးကျ
န်ရွာသားများမှာအခြေခံပညာရေးအသင့်အတင့်တက်မြောက်သူများသည်ကျေးရွာတွင်လူဦးရေပိုမိုမျ
ားပြားလာပြီးအခြခံပညာသင်ကြားသောဦးရေမှာလည်း
တိုးပွားလာခဲ့သည်။အလယ်တန်း၊အထက်တန်းအဆင့်ကျောင်းသားများမှကျန်အတန်းငယ်လေးများ
ကိုပြန်လည်တစ်ဆင့်ကူညီသင်ကြားပေးကြသည့်အတွက်ယခုအခါကျေးရွာ၏ပညာရေးသည်တိုးတ
က်အောင်မြင်လာပြီးအထက်တန်းအဆင့်အောင်မြင်သူများနှင့်ဂုဏ်ထူးရကျောင်းသားများပေါ်ပေါက်
လာပြီးဘွဲ့ရရှိပြီးသူ(၅)ဦးခန့်ပေါ်ထွက်လာခဲ့ပြီးဖြစ်သည်။ကျေးရွာသည်အခြေခံပညာရေးကျောင်းမရှိ
သဖြင့်(၁.၅)မိုင်ခန့်ဝေးသောဒေးပေါက်ကျေးရွာ၏အခြေခံပညာအထက်တန်းကျောင်းအားသွားရော
က်တက်ရောက် ပညာသင်ကြား
ရသဖြင့်လိုအပ်ချက်များအားကောင်းစွာမသိနိုင်ပါ။မူလတန်းအဆင့်ကျောင်းသားများအားအခမဲ့ပည
ာရေးစနစ်ဖြင့်သင်ကြားပေးကြောင်းသိရသည်။မိုးရာသီတွင်လမ်းပန်းအခက်အခဲကြောင့်ကျောင်း
သားငယ်များအားမိဘများမှနေ့စဉ်လိုက်ပါကြိုပို့လုပ်ပေးနေရသည့်အခက်အခဲတစ်ရပ်နှင့်ရင်ဆိုင်နေ
ရသည်။ထိုအခက်အခဲကြောင့်သက်ဆိုင်ရာဌာနများမှလာရောက်ကြည့်ရှုပြီးမူလတန်းကျောင်း(သို့မ
ဟုတ်)လမ်းပန်းဆက်သွယ်မှုကိုကူညီဖြေရှင်းပေးစေလိုပါသည်။

ကျေးရွာတွင်မည်သည့်ဆေးပေးခန်းမှဖွင့်လှစ်ထားခြင်းမရှိပါ။ထိုအတွက်လည်းကျန်းမာရေးန
ှင့်ပတ်သက်၍ကြုံတွေ့လာပါကအချိန်မှီမကုသနိုင်ခြင်းသည်အ
ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ထို့အတွက်ကျန်းမာရေးနှင့်ပတ်
သက်၍ကြုံတွေ့လာပါကအချိန်မှီမကုသနိုင်ခြင်းသည်အခက်အခဲတစ်ရပ်ဖြစ်နေသည်။

လျှပ်စစ်မီးအားမည်သည့်အဖွဲ့အစည်းထံမှအကူ အညီမယူ
ဘဲကိုယ်ထူကိုယ်ထတည်ဆောက်ကထားသည့်အတွက်လည်းလိုအပ်သလိုအသုံးပြုနိုင်သည်။သောက်ရေ
အတွက် လက်နှိပ်ရေတုံကင်များတပ်ဆင်အသုံးပြုကြသည်။ငွေကြေးချမ်းသာအိမ်ထောင်စုများမှာ
မြေကျင်းတူးဝါးဖြင့်ဝိုင်းခွေပြုပြီးသစ်ဖြင့်သော်လည်းကောင်း၊ဝါးဖြင့်သော်လည်းကောင်း၊ဆောက်
လုပ်၍ယင်လုံအိမ်သာရောဂါဖြစ်ပွားမှုမရှိသလောက်ဖြစ်သည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။
လူငယ်များသည်ကျေးရွာရှိလူမှုရေးဆိုင်ရာလုပ်ငန်းများ၊ဘာသာရေးဆိုင်ရာလုပ်ငန်းများ၊လမ်းနှင့်တံ
တား
ပြုပြင်ရာများတွင်ဦးဆောင်သောကျေးရွာအကြီးအကဲရပ်မိရပ်ဖများနှင့်အတူကူညီတက်ကြွစွာပါဝင်
ကြသည်။ကျေးရွာဖွံ့ဖြိုးရေးအတွက်သီးသန့်ဖော်ဆောင်ထားခြင်းမရှိချေ။ယဉ်ကျေးသိမ်မွေ့ပြီးကူညီရိ
င်းပင်းသည့်စိတ်လည်းရှိသည်။လိမ္မာယဉ်ကျေးစွာပြောဆိုပြုမူ၍အထူးသဖြင့်ဝတ်စားဆင်ယဉ်မှုတွင်
သေသပ်လုံခြုံမှုရှိသဖြင့်တော၏ယဉ်ကျေးမှုဂုဏ်ကိုဆောင်စေသည်။

**(၉) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

အုန်းပင်စုရွာကလေးသည်ယခင်ကအိမ်ခြေအနည်းငယ်သာရှိပြီးယင်းရွာငယ်လေးသည်ရှေးဟောင်းနောက်မှီလူကြီးများ၏ပြောစကားအရဗမာ့တပ်မတော်နှင့်ဂျပန်များမြန်မာပြည်လွတ်လပ်ရေးအတွက်မော်လမြိုင်မြို့အရှေ့ပင်လယ်ကိုဖြတ်၍ဝင်ရောက်လာရာဤအုန်းပင်စုကျေးရွာလေးတွင်စခန်းတတောင့်နားခဲ့သည်ဟုပြောပြခဲ့ဘူးသည်။ထိုနေရာလေးများထုံးစေတီလေးအမှတ်အသားအဖြစ်ထားခဲ့သည်ဟုပြောဆိုမှုကြောင့်တူးဖော်ကြည့်ရာစေတီပျက်အစအနများတွေ့ရှိရသဖြင့်၄င်းမြေနေရာတွင်ရွာသားများမှပေါင်းစုပြီး(၂၇)တောင်အမြင့်ရှိသောစေတီတစ်ဆူအားတည်ထားကိုးကွယ်နိုင်ခဲ့ပြီးယခုအခါစေတီတော်မြတ်၏မြောက်ဘက်တွင်ဆက်၍မုတ္တမပင်လယ်ကိုဖြတ်၍ဝင်ရောက်လာရာဤအုန်းပင်စုရွာလေးတွင်စခန်းချနားခဲ့သည်ဟုပြောပြခဲ့ဖူးသည်။ထိုနေရာလေးမှာထုံးစေတီလေးအမှတ်အသားအဖြစ်ထားခဲ့သည်ဟုပြောဆိုမှုကြောင့်တူးဖော်ကြည့်ရာစေတီပျက်အစအနများတွေ့ရှိရသဖြင့်၄င်းမြေနေရာတွင်ရွာသားများမှပေါင်းစုပြီး(၂၇)တောင်အမြင့်ရှိသောစေတီတစ်ဆူအားတည်ထားကိုးကွယ်နိုင်ခဲ့ပြီးယခုအခါစေတီတော်မြတ်၏မြောက်ဘက်တွင်ဆက်၍အလျား(၄၆ပေအနံ၂၂ပေ)အမြင့်(၁၃ပေ)ရှိသောဓမ္မာရုံတစ်ဆောင်အားအများကုသိုလ်ကောင်းမှုအေးချမ်းစွာပြုလုပ်ရေးအတွက်ရွာသားများစုပေါင်းဆောက်လုပ်နိုင်ခဲ့ပြီးနောက်တစ်ဖန်ယခင်ကပျက်စီးနေသည့်ဧရိယာ(၄၃၅၆၀ပေ)အကျယ်ရှိသောရေကန်ဟောင်းအားရွာသားများမှမည်သည့်ပြင်ပအဖွဲ့အစည်းများ၏ကူညီမှုမပါငွေအားလူအားဖြင့်စုပေါင်းတူးဖော်ပြုပြင်ခဲ့ရာ ယခုအခါသန့်ရှင်းသောသောက်သုံးရေကန်အဖြစ်ပြောင်းလဲ၍အကျိုးတက်ရောက်မှုရှိခဲ့ပြီဖြစ်သည်။

လမ်းဆက်သွယ်မှုအဖြစ်ဒေးပေါက်သို့အခြေခံပညာရေးသွားရောက်သင်ကြားကြသောကျောင်းသားကျောင်းသူများ၊ရွာသားများသွားလာနိုင်ရန်လူထုလုပ်အားဖြင့်လယ်သမားများထဲမှမြေအလှူခံ၍(၄ပေ)အကျယ်၊အရှည်ပေ(၄၀၀၀)ကျော်ခန့်ရှိသောမြေသားလမ်းအား၊လွန်ခဲ့သောအနှစ်(၂၀)ခန့်မှစ၍မြေသားလမ်းအဖြစ်ဒေးပေါက်ဆက်သွယ်ရေးလမ်းမကြီးအားဆက်သွယ်ဖောက်လုပ်ခဲ့သည်။နောက်တစ်ဆင့်အနေဖြင့်အမြင့်(၄လက်မ)အကျယ်(၃ပေ)အရှည်ပေ(၂၀၀၀)ကျော်မြေသားလမ်းအားပြည်ပရောက်လူငယ်များ၏လှူဒါန်းငွေ၊ရွာသားများ၏ငွေအား၊လူအားဖြင့်သိန်းတစ်ရာကျော်ခန့်ကုန်ကျခံ၍ယခုအခါကွန်ကရစ်လမ်းအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီဖြစ်သည်။

ဒေးပေါက်မှဝွေးပင်ချောင်သို့ဆက်သွယ်ထားသောမီးလိုင်းအားချိတ်ဆက်၍ကျေးရွာမှအိမ်ထောင်(၂၄)စုမတည်၍စုစုပေါင်းကုန်ကျငွေကျပ် သိန်း(၃၅၀)ခန့်ကုန်ကျပြီး၊တစ်ဦးချင်းကုန်ကျငွေ(၁၄၅၀၀၀၀)ကျပ်ကုန်ကျခံ၍မည်သည့်အဖွဲ့အစည်း၏ကူညီမှုမပါဘဲကိုယ်ထူကိုယ်ထမီးလင်းနိုင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ(၂၀၁၅)ခုနှစ်တွင်(၃)လအတွင်းမီးလင်းနိုင်ခဲ့သည့်အတွက်ယခုအခါသာယာသောရွာငယ်တစ်ရွာဖြစ်နေပြီဖြစ်သည်။

ကျန်းမာရေး၊ပညာရေးနှင့်ပတ်သက်၍အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းပြောင်းလဲတိုးတက်မှုရှိလာပါသည်။ဆက်သွယ်ရေးနှင့်ပတ်သက်၍ယခင်ကဒေးပေါက်၊အိပ်ချိန်းအားအသုံးပြုရသော်လည်းယခုအခါမိမိကိုယ်ပိုင်လက်ကိုင်ဖုန်းကိုအသုံးပြု၍ဆက်သွယ်ချိတ်ဆက်နိုင်ပြီးဖြစ်သဖြင့်တိုးတက်

လာပြီဖြစ်သည်။ရွာငယ်ဖြစ်သည့်အတွက်အကူအညီရရှိမှုနည်းပြီးကျန်းမာရေးအတွက်ဆေးခန်း၊ဗဟု သုတပြည့်ဝရေးအတွက်စာကြည့်တိုက်များအားယခုတိုင်တည်ထောင်ထားခြင်းမရှိသည့်အတွက်သ က်ဆိုင်ရာအဖွဲ့အစည်းများမှလာရောက်ကြည့်ရှုဆောင်ရွက်စေလိုပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုမရှိသည့်အတွက်တည်ငြိမ်အေးချမ်းသည်ဟုဆိုရမည် တည်ငြိမ်အေးချမ်းမှုရှိသည့်အတွက်ကုန်စည်ကူးသန်းရောင်းဝယ်မှုအဆင်ပြေမှုရှိသည်။ဆက်သွယ် ရေးအနေဖြင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးမှုစနစ်ကို အသုံးပြုကြသဖြင့် လိုအပ်သလိုဆက်သယ်အသုံးပြုနိုင်သည်။ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစ ဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ရွာသားများသည် ရဲစခန်းသို့အလွယ်တကဖုန်းဖြင့်ချိတ်ဆက်နိုင်ပြီးကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးကျူးလွန်ခြင်းသည်မ ရှိသလောက်ပင်ဖြစ်သည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင်လျှပ်စစ်မီးကိုမဟာဓာတ်အားလိုင်းမှချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် လောင်စာအဖြစ် ထင်းကိုအသုံးမပြုတော့သည့်အတွက်၊သစ်ပင်များပြုန်းတီးမှုသက်သာစေသည်။ ကျောင်းသူကျောင်းသားများအတွက်စာဖတ်ချိန်အထောက်အကူရရှိခြင်းနှင့်အတူလူနေမှုအဆင့်တန်း မြင့်မားရေးလာရေးအတွက် အထောက်အကူပြုနေသည်၊

ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ခရမ်းမြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထားအတွက်ကောင်းသောအသင့်အသင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော် အသင့် ကောင်းမွန်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန်ဈေးကွက်ကောင်းသဖြင့်အထူးသဖြင့်ကြက်နှင့် နွားကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။ သို့သော် မွေး/ကုဦးစီးဌာမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများမထွက်ရှိပါ။စိုက်ပျိုးခင်းများတွင်ဖျက်ပိုးများကျရောက်တက်သည့်အတွက်ထိရောက် သောနှိမ်နင်းမှုနည်းပညာပိုင်းလိုအပ်နေသည်။ကျေးရွာတွင်ငွေထုတ်ချေးသူများရှိသောလည်းအတိုး နှုန်းကြီးတက်သည်ကျေးရွာတွင်အတိုးနှုန်းသက်သာသည့်အဖွဲ့အစည်းမရှိ။ဘဏ်မှကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိသည့်အတွက်လိုအပ်ချက်များ၊အခက်အခဲများကြုံတွေ့နေရသည်

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့်ပါတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များ ရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးရွာလူထုကိုယ်တိုင်လာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁)

ကျွန်ုပ်တို့ကျေးရွာလူထုသည်အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိ ြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည်ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်းမှတစ်ဆင့် ကျန်းမာရေး ကဏ္ဍကိုတိုးတက်လာရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ကုန်ထုတ်လမ်းများပြုပြင်ခြင်း၊ကျေးလက်လမ်းများအဆင့်မြှင့်တင်ခြင်းတံတားများပြင်ဆင်ခြင်းမှတစ်ဆင့်ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေးတိုးတက်လာရမည်

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ ကျေးရွာတွင် ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာတွင် စာကြည့်တိုက်များထားရှိပေးခြင်း၊လူငယ်များအတွက်ဗဟုသုတနှင့်အတွေ့အကြုံများရရှိလာစေရန်စာပေဟောပြောပွဲများ၊လူငယ်အပန်းဖြေနိုင်သောနေရာများဖန်တီးပေးနိုင်ရန်သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပေးမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်တံတားများအဆင့်မြှင့်တင်ကာကျေးရွာအခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်၊၊ကျေးရွာလမ်းတံတားများရေရှည်ကောင်းမွန်နိုင်စေရန်နှင့်ပြုပြင်ထိန်းသိမ်းရေးအတွက်အဖွဲ့အစည်းများဖွဲ့စည်းသွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ

အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးရေးကဏ္ဍမှဝင်ငွေပိုမိုရရှိလာစေရေး

ကျေးရွာတွင် စပါးအပြင် ပဲတီစိမ်းနှင့်မတ်ပဲအနည်းငယ်ကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ္ဍာလုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါ ယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့်မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည်

ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

